ပေါ့အင်ကျေးရွာအုပ်စု၊ တပိုင်မူးကျေးရွာ

ပင်လောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစာတမ်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ပေါ့အင်ကျေးရွာအုပ်စု၊ တပိုင်မူးကျေးရွာ၊ ပင်လောင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ လ (၃၀) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၇
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၉
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၁
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၁၃
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၄	၁၄
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၅	၁၇
၁၈	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၁၈	၁၉
နောက်ဆက်တွဲများ			
၁၉	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၂၀	၂၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိ အဖွဲ့စည်းများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် လက်ရှိကျေးရွာနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှလည်း ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့
တပိုင်မူးကျေးရွာ၊ပေါ့အင်ကျေးရွာအုပ်စု
ပင်လောင်းမြို့နယ်


ပင်လောင်းမြို့နယ်၊ တပိုင်မူးကျေးရွာ၏ သယံဇာတပြမြေပုံ



ပင်လောင်းမြို့နယ်၊ တပိုင်မူးကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



ပင်လောင်းမြို့နယ်၊ တပိုင်မူးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

တပိုင်မူးကျေးရွာသည် ပင်လောင်းမြို့နယ်၏ အရှေ့မြောက်ဘက် (၁၅/၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး ပင်လောင်းမြို့နယ်မှ နောင် တရားမြို့နယ် ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိသည့် ကျေးရွာဖြစ်ပြီး၊ လမ်းပန်းဆက်သွယ် ရေးအရ ရာသီမရွေးသွားလာနိုင်ပါသည်။ တပိုင်မူးကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုး ရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ အာလူး၊ ကြက်သွန်၊ မုံလာထုပ် ၊ငရုပ်သီး၊ ပြောင်း၊ စပါး၊ ဂျင်းစသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် တပိုင်တနိုင် လုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်သာရှိပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၅၂.၉၅ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာ အထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှုမှာ တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေး ပိုသည့်ဒေသဖြစ်ပါသည်။

၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

တပိုင်မူးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါ သည်။ ကျေးရွာ၏ အရှေ့ဘက်/တောင်ဘက်/မြောက်ဘက်တွင် လယ်ယာမြေများရှိပြီး ကျေးရွာ၏ အနောက်ဘက်တွင် သောက်သုံးရေလျှောင်ကန်၊ ကျေးရွာဘုန်းကြီးကျောင်း တည်ရှိပါသည်။ ကျေးရွာ ၏ လယ်ယာမြေများသည် မြေဆီလွှာကောင်းမွန်မှု အတင့်တင့်ရှိပါသည်။ စပါး၊ အားလူး၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်နှင့် ခရမ်းချဉ်သီး၊ မုံလာထုပ် စသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်းနှင့် ကျေးရွာအနီးနားတွင် သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ

တပိုင်မူးကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ ဘာသာ ရေးဆိုင်ရာ၊ ကျန်းမာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများလည်းရှိပြီး "မဟာ"နှင့် "UNDP" ကဲ့သို့သော ချေးငွေဆိုင်ရာအသင်းအဖွဲ့များ၊ ကမ္ဘာ့အလင်းတန်းအဖွဲ့နှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ကော်မတီများလည်းရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များ သည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြပါသည်။ ပြင်ပမှလူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်မှု အတန်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့ အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန တို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာ အဖွဲ့အစည်း များအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ (၈)စုသည် အဆင်ပြေသောအိမ်ထောင်စု၊ (၃၄)စုသည် အလယ်အလတ်အိမ်ထောင်စု၊ (၂၈)စုသည် ဆင်းရဲသော အိမ်ထောင်စုနှင့် ကျန်(၂၈)စုသည် အလွန်ဆင်းရဲသောအိမ်ထောင်စုများအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အတင့်တင့်အနေအထားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမှာ ထွန်စက်(၃)စီး၊ လက်တွန်းထွန်စက် (၇)စီး၊ ရေစုပ်စက် (၄၂)လုံး၊ မြက်ရိတ်စက် (၅၉) ပိုင်ဆိုင်ကြပြီး၊ ကျန်ရှိအိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးသုံးလယ်မြေစက်ကိရိများအား ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်သည့် ရေအရင်းအမြစ်မှာ အများအားဖြင့် တွင်းနက်မှတစ်ဆင့်ရရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့် အတင့် ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်မတည်မငြိမ်ခြင်းတို့များကြောင့် ေတာင်သူများအမြတ် ရရှိမှုနည်းပါးပါသည်။ အလယ်အလတ်အဆင့်ရှိသော စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စုများအပြင် အခြား ဆင်းရဲသော အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်း လုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြားသော ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တပိုင်မူးကျေးရွာတွင် တနိုင်တပိုင်မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု(၈)စုရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အိမ်ထောင်စုများ မရှိပါ။ မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ရန် စိတ်အားထက်သန်မှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

တပိုင်မူးကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ ရေလုပ်ငန်းနှင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်ရန် ရေ၊ မြေအနေအထား အဆင်ပြေသော်လည်း ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

တပိုင်မူးကျေးရွာတွင် စီးပွားဖြစ်ထုတ်ကုန်လုပ်ငန်းများမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၁၅၀၀၀/ကျပ် မှ ၁၈၀၀၀/ကျပ်အထိရပါသည်။ အလုပ်ကြမ်းသမား အဆင့်

မှာ ၁၀၀၀၀ မှ ၁၂၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသော ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ (၁၀၀၀၀)မှ (၁၂၀၀၀)ကျပ်အထိ ရရှိကြပါသည်။ တပိုင်မူးကျေးရွာတွင် လုပ်အားခရရှိမှုမှာ ဆောက်လုပ်ရေးလုပ်ငန်းများမှ လွဲ၍အမျိုးသားနှင့်အမျိုးသမီးတူညီစွာရရှိကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ် ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာရိန်း၊ ဂဟေဆက်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်လျော့)ပြင် သင်တန်းစသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများတွင် အခွင့်အလမ်းနည်းပါးပါသည်။

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

တပိုင်မူးကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် "မဟာ"ချေးငွေနှင့် UNDP ချေးငွေစသည့် ပုဂ္ဂလိကချေးငွေအသင်းထံများ ချေးငွေများကို ချေးယူကြပါသည်။ ပင်လောင်းမြို့နယ်ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးသည့် ကျေးရွာမတည် ရန်ပုံငွေ စီမံကိန်း(Type-2)ထံမှလည်း ချေးငွေရယူကြပါသည်။သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအား အလုံအလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုးများ ထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း (၅)ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။ ထိုသို့ချေးယူရာတွင်လည်း အပေါင်ခံပစ္စည်းပေါင်နှံထားရန် လိုအပ်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ကျေးရွာစာကြည့်တိုက်ရှိပါသည်။ ကျေးရွာတွင် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ကမ္ဘောဇအလင်းတန်းအဖွဲ့၏ ချိတ်ဆက်မှုဖြင့် အလှူရှင်၏ ထောက်ပံငွေများနှင့် ကျေးရွာမူကြို ကျောင်းဆောင်(၁)ဆောင်ရရှိပါသည်။ ကျေးရွာ၏လက်ရှိ စာသင်ကျောင်းဆောင်မှာ လွန်ခဲ့သော ၁၉၉၀ ခုနှစ်တွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် (၃၀'x၁၅'x၁၀') စာသင်ဆောင် တစ်ဆောင်အားတည် ဆောက်ခဲ့ပါသည်။ နှစ်ကာလကြာမြင့်သည်နှင့်အမျှ အဆိုပါစာသင်ကျောင်းဆောင်သည် ဟောင်းနွမ်းဆွေးမြေ့လာခြင်း၊ ကျောင်းသူ/သားများဦးရေများပြားလာခြင်းတို့ကြောင့် စာသင်ကျောင်းဆောင် အသစ်(၁)ဆောင်အား တည်ဆောက်ရန် အထူးလိုအပ်ပါသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး မရှိသေးပါ။ ကျေးရွာ၏ ကုန်ထုတ်လမ်း (၂)လမ်းအရှည်(၃/၅)မိုင်ခန့်သည် မြေသားလမ်းသားဖြစ်ပြီး မိုးရာသီအချိန်တွင် ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများစွာရှိပါသည်။ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်ရန်အတွက် သဲဖြုန်းလမ်း အဆင့်မြှင့်တင်နိုင်ရေး သက်ဆိုင်ရာဌာနများအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ပါရန်

ကျေးရွာသူ/သားများက လိုလားနေကြပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရ အခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန့်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

၆။ ပညာရေး

တပိုင်မူးကျေးရွာ၏ ပညာရေးကဏ္ဍသည် အခြေခံပညာမူလတန်းအဆင့်ရှိပြီး ကိုယ်ထူကိုယ်ထ စနစ်ဖြင့်တည်ဆောက်ထားသော စာသင်ကျောင်းဆောင် (၁)ဆောင်ရှိပြီး၊ ထို စာသင်ကျောင်းသည် နှစ်ပေါင်း(၃၀)ကာလကြာမြင့်သည်နှင့်အမျှ အဆိုပါစာသင်ကျောင်းဆောင်သည် ဟောင်းနွမ်းဆွေးမြေ့လာခြင်း၊ ကျောင်းသူ/သားများဦးရေ များပြားလာခြင်းတို့ကြောင့် စာသင်ကျောင်းဆောင်အသစ်(၁)ဆောင်အား တည်ဆောက်ရန် ကျေးရွာမှ အထူးလိုလားပါသည်။ ကျေးရွာရှိ ကျောင်းသားများ အဆင်ပြေစွာ ပညာသင်ကြားရာနိုင်ရေးအတွက် အခြေခံပညာ အလယ်တန်းကျောင်းအဆင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန်အတွက် ကျေးရွာသူ/သားများအနေဖြင့် လိုလားနေကြပါသည်။

အထက်တန်းပညာရေးကို ဉာဏ်ပင်ကျေးရွာနှင့် နောင်တရားမြို့အထိသွားရောက်သင်ကြားကြရပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားဦးရေ(၆၁)ဦး၊ အလယ်တန်း(၁၇)ဦးနှင့် အထက်တန်း(၁၀)ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှု အနေဖြင့် ကျေးရွာလူဦးရေ၏ မူလတန်းအဆင့် (၈%) ၊ အလယ်တန်းအဆင့်(၁၉%)ဦး၊ အထက်တန်း အဆင့် (၄၇%)ဦးနှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၁၉%)ရှိပြီး စာမတတ်သူ(၆%)ရှိပါသည်။ ရွာသူရွာသားများအား လုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်း ကိုမဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်း ပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားသော်လည်း အလယ်တန်းနှင့်အထက်တန်းအထိ ပညာသင်ကြားမှုအတင့်တင့်ရှိပါသည်။

၇။ ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် နောင်တရားမြို့နယ်(ခွဲ) သို့ သွားရောက်ကြရပြီး အရေးပေါ်ကိစ္စရပ်များအတွက် နောင်တရားတိုက်နယ်ဆေးရုံနှင့် ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် စိမ့်စမ်းရေနှင့် တွင်းနက်ကို သောက်သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကို ရေဆွဲ၊ ယင်လုံစနစ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲ

သော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာများသုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါးပါသည်။စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှုများပြားပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ မရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြား ဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ ငရုတ်နှင့်ခရမ်းချဉ်သီး၊ အားလူးနှင့် မုံလာထုပ် စိုက်ခင်းများတွင် ဖျက်ပိုးရောဂါများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးပျက်စီး၍ အထွက်နှုန်း ကျဆင်းလာပါသည်။ တောင်သူများ အနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်မှုအားနည်းခြင်းနှင့် အသိပညာဗဟုသုတများသိရှိမှု အားနည်းခြင်းတို့များကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ/ဟောပြောပွဲများကို နှစ်စဉ်နှစ်တိုင်း ဌာနဆိုင်ရာအဖွဲ့များ၊ ပြင်ပအဖွဲ့အစည်းများ ကျင်းပပြုလုပ်ပေးနိုင်မည်ဆိုပါက ကျေးရွာအတွက် များစွာအကျိုးရှိပါသည်။

၉။ ကျား/မရေးရာ

တပိုင်မူးကျေးရွာတွင် ကျား၊ မရေးရာ ဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာ သတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့ အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်း အဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။ ကျေးရွာတွင် အမျိုးသမီးအကြမ်းဖက်မှုများ၊ လူကုန်ကူးမှု စသည်များ ဖြစ်ပွားမှု မရှိပါ။

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

တပိုင်မူးကျေးရွာ၏ နှစ်အလိုက် ဦးစားပေးအစီအစဉ်များကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် ကြိုက်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးကျင်းပပြုလုပ်၍ စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက် များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြင်တွင်း/ပြင်ပအဖွဲ့အစည်းများနှင့် အခြားသော အေဂျင်စီများထံမှ နည်းပညာအကူ အညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ လူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်း များကို သက်ဆိုင်ရာဦးစီးဌာနများ၏ နှစ်အလိုက်ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကျေးရွာလူထုများမှ ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အစည်းအဝေးတွင် အများသဘောတူညီ သတ် မှတ်ထားသော နှစ်အလိုက်ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉
၁	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း(၃၆' x ၂၁' x ၁၀')	၁	√				
၂	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အမှတ်(၁)(၂/၅)မိုင်	၂	√	√			
၃	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း ပေ(၇၀၀၀)	၃	√	√			
၄	အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးခြင်း(ဆိုင်ကယ်၊ကား၊အပ်ချုပ်စက်)	၄		√	√	√	√
၅	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အမှတ်(၂) (၁/၀)မိုင်	၅		√	√	√	√
၆	ကျေးရွာစာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း (၁၅၀၀'x၆')	၆		√	√	√	√
၇	ကျေးလက်ကျန်းမာရေးဌာနခွဲ (၁၈"x၁၂"x၁၀")	၇		√	√	√	√
၈	ဆိုလာ/လျှပ်စစ်မီးဖြင့်အမြင့်တင်စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးခြင်း(၁)စုံ	၈				√	√

၁၁။ တပိုင်မူးကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း(၃၆' x ၂၁' x၁၀')	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အမှတ်(၁)(၂/၅)မိုင်	၁၀	၁၀	၁၀	၁၀	၈	၄၈	၂
၃	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းပေ(၇၀၀၀)	၈	၁၀	၁၀	၈	၁၀	၄၅	၃
၄	အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးခြင်း(ဆိုင်ကယ်၊ ကား၊အပ်ချုပ်စက်)	၈	၈	၈	၈	၈	၄၀	၄
၅	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အမှတ်(၂) (၁/၀)မိုင်	၇	၇	၇	၇	၇	၃၅	၅
၆	ကျေးရွာစာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း (၁၅၀၀'x ၆')	၆	၆	၆	၆	၆	၃၀	၆
၇	ကျေးလက်ကျန်းမာရေးဌာနခွဲ (၁၈"x၁၂"x၁၀")	၅	၅	၅	၅	၅	၂၅	၇
၈	ဆိုလာ/လျှပ်စစ်မီးဖြင့်အမြင့်တင်စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်း(၁)စုံ	၅	၅	၅	၄	၄	၂၃	၈

၁၂။ တပိုင်မူးကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်မောင်ဘ	ဦးဟန်	၁၃/ပလန(နိုင်)၀၄၅၅၂၈	ဥက္ကဋ္ဌ	
၂	ဦးခွန်လှကျော်	ဦးစန်း	၁၃/ပလန(နိုင်)၀၆၆၄၇၀	အတွင်းရေးမှူး	
၃	ဒေါ်နန်းငဲမွန်	ဦးတုတ်	၁၃/နတရ(နိုင်)၁၂၇၈၈၉	ဘဏ္ဍာရေးမှူး	
၄	ဦးခွန်ဇော်မျိုးထွန်း	ဦးလှမောင်	၁၃/ပလန(နိုင်)၁၂၈၆၂၈	စာရင်းကိုင်	
၅	ဦးခွန်ရဲလွင်	ဦးနွှတ်	၁၃/နတရ(နိုင်)၀၀၇၇၁၆	အဖွဲ့ဝင်	
၆	ဒေါ်မူပန်း	ဦးထွန်းရွှေ	၁၃/နတရ(နိုင်)၀၂၇၈၈၂	အဖွဲ့ဝင်	
၇	ဒေါ်နန်းဆုခမ်းဝင်း	ဦးတီးကြို	၁၃/ပလန(နိုင်)၁၂၆၅၉၆	အဖွဲ့ဝင်	

၁၃။ တပိုင်မူးကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်မောင်ဘ	ဦးဟန်	၁၃/ပလန(နိုင်)၀၄၅၅၂၈	ဥက္ကဋ္ဌ	
၂	ဦးခွန်လှကျော်	ဦးစန်း	၁၃/ပလန(နိုင်)၀၆၆၄၇၀	အတွင်းရေးမှူး	
၃	ဦးခွန်ဇော်မျိုးထွန်း	ဦးလှမောင်	၁၃/ပလန(နိုင်)၁၂၈၆၂၈	စာရင်းကိုင်	

၁၄။ စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- တပိုင်မူးကျေးရွာ
ကျေးရွာအုပ်စု	- ပေါ့အင်ကျေးရွာအုပ်စု
မြို့နယ်	- ပင်လောင်းမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

စီမံချက်အမည် - စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်း (၃၆' x ၂၁' x ၁၀')

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျွန်တော်တို့ကျေးရွာ၏ စာသင်ကျောင်းသည် ၁၉၉၀ ခုနှစ်တွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ပါသည်။ လက်ရှိစာသင်ကျောင်းသည် ကာလကြာမြင့်သည်အတွက် ပျက်စီးဟောင်းနွမ်းခြင်း၊ ကျောင်းသူ/သားများ များပြားလာသည့်အတွက် စာသင်ကြားရန် အခက်အခဲရှိပါသည်။ **VDP** စီမံကိန်းဖြင့် ကျေးရွာစာသင်ကျောင်းဆောင်အသစ်တစ်ဆောင် တည် ဆောက်ပါက ကျေးရွာအတွက် များစွာအကျိုးပြုပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) **VDP** စီမံကိန်းဖြင့် စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားပါမည်။ စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် ကျေးရွာသူ/သားများ ကိုယ်တိုင် ရွေးချယ်အတည်ပြုထားပြီးဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) (**VDP)** စီမံကိန်းရန်ပုံငွေနှင့် ပြည်သူထည့်ဝင်များဖြင့် စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာအတွက် ပညာရေးကဏ္ဍတွင် များစွာအကျိုးပြု အထောက်အကူပြုမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေ များဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • ၁၃၅၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၉၁	၁၈၉	၃၈၀	၈	၃၄	၂၈	၂၈	၉၈
အကျိုးခံစားမည့်သူ ဦးရေ	၁၉၁	၁၈၉	၃၈၀	၈	၃၄	၂၈	၂၈	၉၈
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၂-၈-၂၀၂၄
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၁-၁၂-၂၀၂၄
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာစာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှတာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၅။ တိုင်မူး ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	စာသင်ကျောင်းဆောင် မလုံလောက်ခြင်း	ကျောင်းသား/သူ ဦးရေ များပြားလာခြင်း	မြေနေရာရှိခြင်း၊ ကျေးရွာ လူထုမှပူးပေါင်းပါဝင် ဆောင်ရွက်လိုစိတ်ရှိခြင်း	နည်းပညာအခက်အခဲ နှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်သွားပါမည်။	စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်း(၃၆' x ၂၁' x ၁၀')
၂	ထုတ်ကုန်များ သယ်ယူ ပို့ဆောင်ရာတွင်ခက်ခဲခြင်း	မြေသားလမ်းဖြစ်နေခြင်း၊ လမ်းကျဉ်းမြောင်းခြင်း	ကျေးရွာမြေပိုင်ရှင်များမှ မြေ ယာလျှဒါန်းနိုင်ခြင်း၊ စိုက်ပျိုး ရေးအကျိုးပြုဇကများပြားခြင်း	သက်ဆိုင်ဦးစီးဌာန များနှင့်ချိတ်ဆက်မှု အားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာကုန်ထုတ်လမ်း အမှတ် (၁) ဖောက်လုပ်ခြင်း(၂/၅)မိုင်
၃	မိုးရာသီအချိန်တွင် သွား လာရ ခက်ခဲခြင်း	ကျေးရွာတွင်းလမ်းများ မြေ သားလမ်းဖြစ်နေဖြင်း	လူထုလုပ်အားနှင့် ကုန်ကြမ်း သဲ၊ကျောက် ဝယ်ယူရာတွင် လွယ်ကူခြင်း	နည်းပညာအခက်အခဲ နှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်းပေ(၇၀၀၀)
၄	အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်မှု မရှိခြင်း	အသက်မွေးဝမ်းကျောင်းသင် တန်းဖွင့်လှစ်ပေးမှုမရှိခြင်း	ကျေးရွာရှိ လူငယ်/လူရွယ်များ သင်တန်းတက်ရောက်ရန် စိတ်အားထက်သန်မှုရှိခြင်း	သက်ဆိုင်ဦးစီးဌာန များနှင့်ချိတ်ဆက်မှု အားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်သွားပါမည်။	အသက်မွေးဝမ်းကျောင်းသင်တန်း များဖွင့်လှစ်ပေးခြင်း(ဆိုင်ကယ်၊ ကား၊အပ်ချုပ်စက်)
၅	ထုတ်ကုန်များ သယ်ယူ ပို့ဆောင်ရာတွင်ခက်ခဲခြင်း	မြေသားလမ်းဖြစ်နေခြင်း၊ လမ်းကျဉ်းမြောင်းခြင်း	ကျေးရွာမြေပိုင်ရှင်များမှ မြေ ယာလျှဒါန်းနိုင်ခြင်း၊ စိုက်ပျိုး ရေးအကျိုးပြုဇက များပြားခြင်း	သက်ဆိုင်ဦးစီးဌာန များနှင့်ချိတ်ဆက်မှု အားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်သွားပါမည်။	-ကျေးရွာကုန်ထုတ်လမ်း အမှတ် (၂) ဖောက်လုပ်ခြင်း(၁/၀)မိုင်

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၆	ကျောင်းသူ/သား၊ ဆရာ/မ များလုံခြုံရေးအတွက် အားနည်းခြင်း	စာသင်ကျောင်းခြံစည်းရိုး လုံခြုံစွာကာရံထားမှုမရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊	သက်ဆိုင်ဦးစီးဌာန များနှင့်ချိတ်ဆက်မှု အားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာစာသင်ကျောင်းအုတ်တံတိုင်း ကာရံခြင်း (၁၅၀၀'x ၆')
၇	ကျေးရွာတွင် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်း မမီခြင်း	အများပိုင် မြေနေရာရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း	ငွေကြေးအခက်အခဲ ရှိခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါ မည်။	ကျေးလက်ကျန်းမာရေးဌာနခွဲ (၁၈"x၁၂"x၁၀")
၈	စိုက်ပျိုးရေးအသုံးစရိတ် ဖြစ်သော ဒီဇယ်ဆီများ စွာ ဝယ်ယူအသုံးပြုရခြင်း	ဆိုလာ၊လျှပ်စစ်မီးဖြင့် အသုံး မပြုနိုင်ခြင်း	ရေချောင်း၊ တွင်းနက်များဖြင့် စိုက်ပျိုးရေးအတွက် ရေရှိနိုင် ခြင်း	နည်းပညာအခက်အ ခဲနှင့် ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်သွားပါ မည်။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်သွားပါမည်။	ဆိုလာ/လျှပ်စစ်မီးဖြင့်အမြင့်တင် စိုက်ပျိုးရေရှိရေးဆောင်ရွက် ပေးခြင်း (၁)စုံ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်		စုစုပေါင်း
					ကျား	မ	
၁ နှစ် အောက်	နို့စို့အရွယ်	၆	၆	၁၂	၁	-	၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၁	၈	၁၉			
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၁	၂၄	၄၅			
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၆	၃၂			
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၀	၁၃၂	၂၆၂			
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇	၃	၁၀			
စုစုပေါင်း		**၁၉၁**	**၁၈၆**	**၃၈၀**	**၁**	**-**	**၁**
စုစုပေါင်း အိမ်ထောင်စု		**၉၈**					

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ တပိုင်မူးကျေးရွာတွင် လူဦးရေ စုစုပေါင်း ကျား/မ (၃၈၀)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သော ကျား/မ ဦးရေမှာ (၂၆၂)ဦးရှိပြီး ၊ (၁)နှစ်အောက် မသန်စွမ်း ကလေးငယ် ကျား(၁)ဦးရှိပါသည်။ ကျေးရွာတွင် အိမ်ခြေ (၉၀)နှင့် အိမ်ထောင်စု (၉၈)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၉၀	၂၅၇	၁၄	၉	၁၆	၂	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈		၄	၄	၃	၂	မြင့် ☑ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၃					မြင့် ☐ လတ်☑ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၅	၁	၁			မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၉၈	၂၆၂	၁၉	၁၅	၄	၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၄)စုသာရှိပါသည်။ အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် အပ်ချုပ်စက်၊ ကား/ဆိုင်ကယ်ပြင် လုပ်ငန်းလုပ်ကိုင်သူ အလွန်နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၈၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၀၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးလုပ်ငန်းများ ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား သတ်မှတ်မှုမှာ တန်းတူဖြစ်ပြီး အခြားသော ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် လုပ်အားခသတ်မှတ်ထားမှု ကွာဟမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၉	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၅၇.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၄၈	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၂၃၄.၅**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေ တည်ရှိမှု နည်းပါးပါသည်။ အချို့တောင်သူများမှာ ယာမြေများကို ရာသီ အလိုက် ငှားရမ်းခြင်းဖြင့် လုပ်ကိုင်ကြသည်။ လယ်ယာမြေ မြေဆီလွှာအရည်အသွေးတည်ရှိမှုမှာ ယခင်နှစ်များထက် ပိုမိုဆိုးဝါးလာသည်ကို တွေ့ရှိရပါသည်။ သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်း နှင့် မြေဩဇာ/ပိုးသတ်/ပေါင်းသတ်ဆေး အသုံးပြုမှု သင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပို့ချပေးနိုင်မည်ဆိုပါက ကျေးရွာ အတွက် များစွာ အကျိုးရှိမည်ဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးနားတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ထွက်ရှိမှု မရှိပါ။ ကျေးရွာမှ တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ကျောက်၊သဲများအား ဥဏ်ပင်ကျေးရွာသို့ သွားရောက် ဝယ်ယူသုံး စွဲရပါသည်။ ကျေးရွာပိုင်သစ်တောများ မရှိသည့်အတွက် သဘာဝ တိရစ္ဆာန်မျိုးစိတ်များနှင့် အပင်မျိုးစိတ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၃၄	၂၈	၂၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနှင့် ဥစ္စာဓန ပြည့်စုံသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး ကျန်ရှိ သော အိမ်ထောင်စုများမှ အလယ်အလတ်အတန်းစားရှိပြီး မြေယာပိုင်ဆိုင်မှု နည်းပါးပါသည်။ မြေယာမဲ့ အိမ်ထောင်စုမှာ ကျေး ရွာ၏ လေးပုံ သုံးပုံခန့်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နှေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁_____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လ ကြားဝမ်းစာဖူလုံမှု	၂၇	၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၇_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လ အထိဝမ်းစာဖူလုံမှု	၃၂	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃၂_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအတွက် လယ်စပါးနှင့် တောင်ယာစပါးများ စိုက်ပျိုးကြပါသည်။ တောင်ယာစပါးများသည် အထွက်နှုန်းနည်းပါးသောကြောင့် ဝမ်းစာဖူလုံ မရှိပါက အိမ်နီးနားခြင်းများ၊ ဆွေမျိုးများထံမှ ကြိုတင် ချေးယူ၍ စားသုံးကြပြီး စပါးပေါ်သည့်ကာလတွင် ပြန်လည်ပေးဆပ်ကြပါသည်။ ဥစ္စာဓန အဆင့်(၃)နှင့် (၄) အိမ်ထောင်စုများသည် ချေးယူစနစ်ဖြင့် ဝမ်းစာဖူလုံမှုရှိအောင် စီမံဆောင်ရွက်ကြရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲ သည့် အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများပြားသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၂)ရှိပြီး အခြားသောအကြောင်းရာ ခေါင်းစဉ်များနှင့်ပတ်သက်၍ မရှိပါ။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေနှင့် ဘေးအန္တရာယ် လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ			
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်	နိမ့်

၁	မြစ်ရေကြီးမှု	✔			✔			
၂	ရေကြီးခြင်း		✔		✔			
၃	မုန်တိုင်း	✔			✔			
၄	ဆူနာမီ	✔			✔			
၅	တိုင်ဖွန်းမုန်တိုင်း	✔			✔			
၆	လေဆင်နာမောင်း	✔			✔			
၇	ငလျင်	✔			✔			
၈	အပူလွန်ကဲခြင်း	✔			✔			
၉	စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှု	✔			✔			
၁၀	အအေးလွန်ကဲခြင်း			✔	✔			
၁၁	မိုးသီးမုန်တိုင်း	✔			✔			
၁၂	မိုးခေါင်ခြင်း			✔	✔			
၁၃	တောမီးလောင်ခြင်း	✔			✔			
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔			✔			
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔			✔			
၁၆	မြေပြိုခြင်း	✔			✔			
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**				
၁၇	စားနပ်ရိက္ခာမဖူလုံမှု			✔	✔			
၁၈	သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ)			✔	✔			
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း			✔	✔			
၂၀	သစ်တောပြုန်းတီးခြင်း			✔	✔			
၂၁	၄က်ဖျားရောဂါ		✔		✔			
၂၂	တီဘီရောဂါ		✔		✔			
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔			
၂၄	ကူးစက်ရောဂါ	✔			✔			
၂၅	ပြည်တွင်း ပဋိပက္ခ			✔	✔			
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု		✔		✔			
၂၇	လူကုန်ကူးခြင်း	✔			✔			
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေး ခက်ခဲခြင်း စသည်		✔		✔			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နစ်နှစ်ထက်တစ်နှစ် ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲခြင်းတို့ကြောင့် ရေထွက်များ အထွက်နည်းခြင်း၊ ရေခြောင်းများ ခမ်းခြောက်ခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ ရေကြီးခြင်း၊ ရေရှားပါးမှုများ ဖြစ်ပေါ်လျက် ရှိပါသည်။ စိုက်ပျိုးမြေများသည်လည်း မြေဆီလွှာပျက်ဆီးမှု များပြားလာခြင်း ထွက်ကုန်များ လျော့ကျလာပါသည်။ စိုက်ပျိုးရေးတွက် မိုးပွားရောဂါ ကျရောက်မှု တစ်နှစ်ထက် တစ်နှစ် ပိုမိုဆိုးရွားလာသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✔	✔		
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု			✔	✔		
၃	ဆင်းရဲသားတောင်သူ			✔	✔		
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	✔			✔		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔			✔		
၆	မတော်တဆမှု ဖြစ်နိုင်ချေများသော နေရာတွင် နေထိုင်သူများ	✔			✔		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	✔			✔		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✔			✔		
၉	ငါးကန်ပိုင်ရှင်များ	✔			✔		
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ			✔	✔		
၁၁	လူနည်းစုလူမျိုးများ	✔			✔		
၁၂	ဒေသတွင်း ပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	✔			✔		
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	✔			✔		
၁၄	ရွှေတွင်းလုပ်သားများ	✔			✔		
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	✔			✔		
၁၆	နေရပ်ပြန် အခြေချသူများ	✔			✔		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔			✔		
၁၈	ကားမောင်းပြီး အသက်မွေးသူများ	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်

ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူငယ်/အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု ဆင်းရဲသားတောင်သူ/လက်လုပ်လက်စားများ၊ ကျပန်းများ ထိခိုက်သက်ရောက်မှု အမြင့်ဆုံး ခရနိုင်ပါသည်။ ကျေးရွာအနေဖြင့် ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ ဆောင်ရွက်ထားရှိမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၃၄	၃၀	၆၄	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မီးလင်းရေး ကော်မတီ	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ညံ့ ☐
၄	ရေကော်မတီ	၁☐ ၂☑ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	VRFP ကော်မတီ	၁☑ ၂☐ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	အမျိုးသမီးစိုက်ပျိုးရေးအဖွဲ့	၁☑ ၂☐ ၃☐		၄၅	၄၅	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၇	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၈		၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းပေါင်း (၇)ဖွဲ့ရှိပါသည်။ အဆိုပါ အဖွဲ့များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ချိတ်ဆက်မှုအားကောင်းလျက်ရှိပြီး အဖွဲ့တိုင်း၏ စွမ်းဆောင်နိုင်မှု အခြေအနေမှာ သင့် အနေအထားရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မယ်ဖာလုံ ဖောင်ဒေးရှင်း	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑
၂	ရွှေကမ္ဘောဇ	၁☐ ၂☐ ၃☑ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐

စဉ်	အမည်	**အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပြင်ပအဖွဲ့အစည်းနေဖြင့် ကျေးရွာသို့ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးသော အဖွဲ့(၂)ဖွဲ့သာ ရှိပါသည်။ ၎င်းတို့၏ စွမ်းဆောင်နိုင်မှု အခြေအနေမှာ သင့် အနေအထားရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆	၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၈	၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၄	၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၉	၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၇၇**	**၂၁**	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ ပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၆)စုသာရှိပြီး၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၄)စုရှိပါသည်။ ကျန်အိမ်ထောင်စုများသည် မြေယာများပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးအတွက် မြေယာများ ငှားရမ်းလုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဇက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
